

# ဆုတ်ယုတ်သွားသော အခွင့်အရေးများ

## COVID-19 ကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

၂၀၂၀ ပြည့်နှစ်။

# မာတိကာ


အကျဉ်းချုပ်

အပိုင်း ၁၊ လူ့အခွင့်အရေးချိုးဖောက်မှုများ

အပိုင်း (၂) လူ့အခွင့်အရေးကာကွယ် မြှင့်တင်သူများ၊ အရပ်သားနှင့် သတင်းထောက်များကို ပစ်မှတ်ထားခြင်း

အပိုင်း (၃)  သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့၏ COVID–19 ကူးစက်မြန်ကပ်ဘေးရောဂါတုံ့ပြန်ဆောင်ရွက်ချက်များ

အပိုင်း (၄) နိဂုံးချုပ်

အကြံပြုတိုက်တွန်းချက်များ


*Photo credit: Military officers who serve as members of Myanmar's parliament wear face masks amid Covid-19 concerns, Naypyidaw*

*March 10, 2020.*

*Photo:AFP/Ye Aung Thu*

## မတ်လ ၂၃

မြန်မာပြည်၏ ပထမဆုံး COVID-19 ရောဂါကိုတွေ့ရှိ

## မတ်လ ၃၁

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဝန်ကြီးဌာနအချင်းချင်းချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရန် ကော်မတီဖွဲ့စည်း

## ဧပြီလ ၃

မြန်မာနိုင်ငံသည် နိုင်ငံတကာသို့ ကုသရေးဆိုင်ရာ ဆေးပစ္စည်းနှင့် ဆေးဝါးထောက်ပံ့ရေး အကူညီတောင်းခံခဲ့

## ဧပြီလ ၂၀

ရခိုင်ပြည်နယ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ယဉ်မောင်းသည် COVID-19 စောင့်ကြည့်ခံရသူများ၏ တို့ပတ်နမူနာများကို သယ်ဆောင်လာစဉ်ပစ်သတ်ခံရ

## မေလ ၄

မြန်မာပြည်မှ လက်နက်ကိုင်ဒေသရှိ ပထမဆုံးသော COVID-19 အတည်ပြုရောဂါတွေ့ရှိမှုကြောင်း ထုတ်ပြန်ခဲ့

## မေလ ၂၉

COVID-19 အတည်ပြုလူနာ ၂၂၄ ဦးတွေ့ရှိကြောင်း အတည်ပြု

## ဇွန်လ ၁၅

နိုင်ငံတော်အစိုးရမှ COVID-19 ကာကွယ်ထိန်းချုပ်ရေးအား ဇွန်လ ၃၀ ရက်နေ့ထိ ထိုးမြှင့်သတ်မှတ်

## ဇွန်လ ၁၉

COVID-19 အတွက်ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှုအတွက် မြန်မာနိုင်ငံသား ၈၀၀၀ ကျော်တရားစွဲဆိုခံရ

# အကျဉ်းချုပ်

COVID–19 ကူးစက်မြန်ကပ်ရောဂါကူးစက်မှုသည် ယခုနှစ်အစတွင် လျှင်မြန်စွာပျံ့နှံ့သွားသည်နှင့် အမျှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သည့် မြန်မာအစိုးရနှင့် မြန်မာ့တပ်မတော်က ပြည်သူပြည်သား များ၏ ဘေးကင်းလုံခြုံရေးအ တွက် စိတ်ပူပန်ခြင်းမရှိစေရန် ပြောကြားခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့တွင် Covid–19 ကူးစက်မြန်ကပ်ရောဂါ ကူးစက်ခံရသူ နှစ်ဦးကို မြန်မာနိုင်ငံတွင် စတင်တွေ့ရှိ အတည် ပြုသည့်အချိန်မှစ၍ ရောဂါကူးစက်မှု အရေအတွက်မှာလည်း တဖြည်းဖြည်းမြင့်တက်လာခဲ့သည်။[၁] မြန်မာ အစိုးရအနေဖြင့် ပြည်သူလူထုအတွက် စစ်ဘက်နှင့် အရပ်ဘက်ဆိုင်ရာ ဝန်ကြီးဌာနများပါဝင်သော ကူးစက် ရောဂါတားဆီးကာကွယ်ထိန်းချုပ်မှု အစီအစဉ်များနှင့် ကော်မတီများကို နိုင်ငံတဝှမ်းတွင် အဆင့်ဆင့်ဖွဲ့စည်း ကာ တုံ့ပြန်မှုများ ချမှတ်ဆောင်ရွက်ခဲ့သည်။

၂၀၂၀ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် သိရှိရသည့် သတင်းများအရ အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟို (NRPC) မှ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အဖွဲ့ဝင်နှင့် မိသားစုများအား ကိုဗစ် –၁၉ကာလ စားဝတ်နေရေးအတွက် ကျပ်သိန်း ၅၀၀ (အမေရိကန်ဒေါ်လာ ၃၆,၅၀၀ ခန့်)ကို ပေးအပ်ခဲ့သည်။[၂] တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ (EAOs) ဖြစ်သည့် ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော်–ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC)၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော်(DKBA)၊ ချင်းအမျိုးသားတပ်ဦး (CNF)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)နှင့် ပအိုဝ်းအမျိုးသားလွတ်မြောက် ရေးအဖွဲ့ချုပ် (PNLO) တို့အားလည်း NRPC မှထောက်ပံ့ပေးခဲ့သည်။ ထိုအဖွဲ့အစည်းများသည် ကိုဗစ်ကာလ အကြပ်အတည်းဖြေရှင်းရန်အတွက် ကျပ် သိန်း ၂၅၀ မှ သိန်း ၁၀၀၀ အတွင်း ရရှိကြသည်။[၃]

သို့သော် နိုင်ငံတဝှမ်းရှိ ထိခိုက်လွယ်သည့် ပြည်သူအများအပြားမှာ အစိုးရ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများရရှိရန် လက်လှမ်းမမီမှုများရှိနေသည်။ ထိခိုက်လွယ်သည့် အုပ်စုများ ဆိုသည်မှာ ပဋိပက္ခဒေသအတွင်း (ဝေလံခေါင်သီပြီး ကျန်မာရေးစောင့်ရှောက်မှုကို လက်လှမ်းမသီသည့် ဒေသ များ) နေထိုင်သည့် အမျိုးသမီး၊ ကလေးနှင့် သက်ကြီးရွယ်အိုများ စိတ်ဆိုင်း၊ ရုပ်ပိုင်းဆိုင်ရာအရ မသန်စွမ်းသူ များဟု လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) –ND–Burma က ရှင်းလင်းဖော်ပြထားသည်။ ပဋိပက္ခ ဖြစ်ပွားရာ နေရာဒေသတွင် မှီတင်းနေထိုင်နေကြသော ပြည်သူများသည်လည်း ရောဂါကူးစက်မှုနှုန်း လျှင်မြန် လာသည်နှင့်အမျှ ကုသရေး၊ သတင်းအချက်အလက်ရရှိရေးနှင့် အထောက်အပံ့များရရှိရန် ရုန်းကန်နေကြရ သည်။ တဖက်တွင်လည်း အရပ်သားပြည်သူတို့၏ ဘဝလုံခြုံရေးကိုကာကွယ်ရန် မျှော် လင့်ချက်သည် အဆုံးမဲ့ လက်နက်ကိုင်ပဋိပက္ခများကြောင့် ပို၍ မေးမှိန်လာခဲ့သည်။

1. "Myanmar confirms first coronavirus cases," 24 March 2020, The Bangkok Post, https://www.bangkokpost.com/world/1884820/myanmar-confirms-first-coronavirus-cases
2. "NRPC Provides K50 million in coronavirus aid to ALP and families," 01 August 2020, Burma News International https://www.bnionline.net/en/news/nrpc-provides-k50-million-coronavirus-aid-alp-and-families
3. Ibid

COVID-19 ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးအကျိုးဆက်ကို လျစ်လျူရှု၍မရပေ။ အလုပ်သမား လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ကပ်ရောဂါဘေးကြောင့် ပြည်တွင်း ပြည်ပရှိ စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းသွားသည့်အတွက် မြန်မာအလုပ်သမား ခန့်မှန်းခြေ ၂၅၀,၀၀၀ ခန့် အလုပ်လက်မဲ့ ဖြစ်သွားကြသည်။[4] ဧပြီလကုန်တွင် NLD အစိုးရက ကပ်ရောဂါကြောင့် စီးပွားရေးအပေါ်သက် ရောက်မှုကို ဖြေရှင်းရန် Covid-19 နှင့် ပတ်သက်သည့် စီးပွားရေးဆိုင်ရာ ကုစားရေးအစီအစဉ် (CERP) ကို ထုတ်ပြန်ခဲ့သည်။ ရည်ရွယ်ချက်မှာ ကျပ် ၂၈၇ ဘီလံယံ (အမေရိကန်ဒေါ်လာ သန်း ၂၁၀) တန်ဖိုးရှိ ရိက္ခာနှင့် ငွေကြေးအား ပြည်သူလူထုအား ထောက်ပံ့ရန်ဖြစ်သည်။[5] အဆိုပါ လုပ်ငန်းစဉ်အောက်တွင် လုပ်ငန်းပေါင်း ၃၅၀၀ အတွက် ကျပ်ငွေသန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၇၄ သန်း) ထောက်ပံ့ရန်လည်းပါဝင်သည်။[6] ထိုသို့ ဆောင်ရွက်မှုများက ချီးကျူးထိုက်သော်လည်း ကပ်ရောဂါဘေး စတင်ခြိမ်းခြောက်စဉ်တွင် တုန့်ပြန်မှုနှင့် စီမံ ဆောင်ရွက်၊ ပူးပေါင်းဆောင်ရွက်မှုများ နှေးကွေးသည့် အားနည်းချက်များ ရှိနေသည်။

ဤအစီရင်ခံစာသည် နိုင်ငံအတွင်း ပထမဆုံး Covid-19 အတည်ပြုရောဂါ စတင်တွေ့ရှိခဲ့သည့် မတ်လ လယ်အချိန်မှစ၍ မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်ခဲ့သည့် လူ့အခွင့်အရေးအခြေအနေများကို အကဲဖြတ် သုံး သပ်တင်ပြထားခြင်းဖြစ်သည်။ ယခုအစီရင်ခံစာတွင် ရေးသားတင်ပြထားသော အချက်အလက်နှင့်သုံးသပ် ချက်များသည် ND-Burma၏ အဖွဲ့ဝင်များဖြစ်သော ရခိုင်ပြည်နယ်လုံးဆိုင်ရာ ကျောင်းသာနှင့်လူငယ်များ အစည်းအရုံး (AASYC)၊ အနာဂါတ်အလင်းတန်းဆုံမှတ် (FLC)၊ လူ့အခွင့်အရေးနှင့်မြှင့်တင်သူများအဖွဲ့ (HRDP)၊ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း(HURFOM)၊ တအာင်းအမျိုးသမီးအစည်းအရုံး (TWO)၊ တအာင်းကျောင်း သားနှင့် လူငယ်များအဖွဲ့ (TSYU)၊ ထားဝယ်အမျိုးသမီးသမဂ္ဂ (TWU) နှင့် ဆက်ဆပ်အဖွဲ့အစည်းများဖြစ်သော ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO)၊ ပဲခူးအရှေ့-နိုင်ငံရေး အကျဉ်းသားဟောင်းများကွန်ရက် (FPPN-EB) နှင့် ပအိုဝ်းလူငယ်များအစည်းအရုံး (PYO)တို့မှ အချက် ၂၃ ချက်ပါသောမေးခွန်းများကို ပြန်လည်ဖြေဆိုထားသော အဖြေများပေါ်တွင်အခြေခံ၍ရေးသားပြုစုထား ခြင်းဖြစ်သည်။


4. Quarter of a Million Myanmar Workers Left Jobless Due to COVID-19," 26 June 2020, The Irrawaddy. https://www.irrawaddy.com/news/burma/quarter-million-myanmar-workers-left-jobless-due-covid-19.html
5. "Overcoming as One: COVID-19 Economic Relief Plan," 27 April 2020, Government of the Republic of the Union of Myanmar https://www.moi.gov.mm/moi:eng/?q=news/28/04/2020/id-21511
6. Ibid

## အပိုင်း ၁၊ လူ့အခွင့်အရေးချိုးဖောက်မှုများ

အိမ်တွင်းအကြမ်းဖက်မှုများ တိုးလာခြင်း၊ အစိုးရ၏တုံ့ပြန်ဆောင်ရွက်မှုနှေးကွေးခြင်း၊ တိကျသည့် သတင်းထုတ်ပြန်မှု အားနည်းနေသည်သာမက တချို့သီးသန့်စောင့်ကြည့်စခန်းများတွင် နေရာထိုင်ခင်းအပါအဝင် စားနပ်ရိက္ခာများ ပြတ်လပ်သွားခြင်းစသည့် အဖြစ်အပျက်များကို ကြည့်ခြင်းအားဖြင့် အန္တရာယ်ကျရောက်နိုင် သူများ၏ ဘဝလုံခြုံမှု အနေအထားများကို ထင်ရှားစွာပြသနေသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများတို့သည်လည်း စားနပ်ရိက္ခာများ ဖြည့်ဆည်းပံ့ပိုးပေးခြင်း၊ လက်ဆေးရန်နေရာများနှင့် ပိုးသတ်ဆေးရည်ဖြန်းပက်ခြင်းများစသည့် လိုအပ်ချက်လစ်ဟာ နေမှုများကို လိုက်လံဖြည့်ဆည်းပေးရသည့် လုပ်ငန်းများတွင် ဝိုင်းဝန်းအားစိုက်နေကြရသည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး အန်တိုနီယိုဂူတာရက်စ်ကိုယ်တိုင်က 'ကမ္ဘာလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး' ကိုကမကထပြု တောင်းဆိုခဲ့သော်လည်း မြန်မာစစ်တပ်သည် ညီနောင်မဟာမိတ်အဖွဲ့၊ ချင်းအမျိုးသားတပ်ဦးတို့၏ အပစ်အခတ်ရပ်စဲရေး တောင်းဆိုမှုကို ငြင်းပယ်ခဲ့သည်။[၇၊ ၈] တိုင်းရင်းသားပြည်နယ်တချို့တို့တွင် တိုက်ပွဲများဆက်လက် ဖြစ်ပွားနေဆဲဖြစ်ပြီး COVID-19 ကူးစက်မြန်ကပ်ကပ်ရောဂါကြောင့် တိုက်ပွဲများပြောင်းလဲသွားခြင်း မရှိပါ။ ကူးစက်မြန် ကပ်ဘေးကာလအတွင်း လက်နက်ကိုင်တိုက်ပွဲများ ပိုမိုပြင်းထန်လာပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူမှုမရှိဘဲ ကင်းလွတ်ခွင့်ပြုထားဆဲဖြစ်သည်။ ND-Burmaအဖွဲ့ဝင်များမှ မှတ်တမ်းပြုလေ့လာတွေ့ရှိခဲ့သည့် အဓိက လူ့အခွင့်အရေးချိုးဖောက်မှုများမှာ မတရားသတ်ဖြတ်ခံရမှုနှင့် သတင်းအစအန ပျောက်ဆုံးနေမှု (တစ်လလျှင်ချိုးဖောက်မှု ၅ ခုကျော်)၊ မတရားဖမ်းဆီးမှုများနှင့် ထိန်းသိမ်းချုပ်နှောင်ခံရမှုများ (တစ်လလျှင်ချိုးဖောက်မှု ၅ ခုကျော်) နှင့် အတင်းအဓမ္မ ရွှေ့ပြောင်းခံခဲ့ရခြင်း များပြားလာခြင်းဖြစ်သည်။ AASYC ၏ အဆိုအရ ကျောက်တော်၊ မြောက်ဦး၊ ပလက်ဝ၊ မင်းပြား၊ မြေပုံ၊ အမ်း၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင် မြို့နယ်များရှိ ပြည်သူလူထုများအနေဖြင့် တလလျှင် ပျမ်းမျှလူဦးရေ ၂၀၀၀ ခန့် နေရပ်ရင်းမှ မဖြစ်မနေ စွန့်ခွာထွက်ပြေး နေကြရသည်။

**ဇယား ၁ COVID-19 ကူးစက်မြန်ကပ်ရောဂါ ကာလအတွင်းလူ့အခွင့်အရေးချိုးဖောက်မှုများ**





ND-Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းများအနေဖြင့် အရပ်သားနေထိုင်ရာဒေသ ဝန်းကျင်တွင်မြန်မာစစ်တပ် အခြေချတပ်စွဲမှု များပြားလာကြောင်း ယင်းသို့ တပ်အင်အား တိုးချဲ့လာမှုများကြောင့် ဒေသနေပြည်သူများ အထူးသဖြင့် မြန်မာနိုင်ငံအနောက်ဖက်ပိုင်းရှိ ပြည်သူများအဖို့ မလုံခြုံမှု၊ မတည်ငြိမ်မှုများ ပိုမိုခံစားကြရကြောင်း အစီရင်ခံခဲ့ကြသည်။ ကွန်ရက်အဖွဲ့ဝင်တဖွဲ့ဖြစ်သော HRDP မှလည်း COVID-19 ကာလအတွင်း ပဋိပက္ခပိုမိုများပြားလာသည်ဟု အစီရင်ခံပြီး ကောက်ခံခဲ့သည့် မှတ်တမ်းများတွင် အရပ်သားပြည်သူများအပေါ် မတရားဖမ်းဆီးထိန်းသိမ်းချုပ်နှောင်မှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများပင်ရှိသည်ဟုဆိုသည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းမှ ကုလသမဂ္ဂညှင်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး သဘောတူစာချုပ်ကို လက်မှတ်ထိုးရန်နှင့် အတည်ပြုရန် တောင်းဆိုမှုများရှိသော်လည်း မြန်မာနိုင်ငံသည် သဘောတူစာချုပ်ကို လက်မှတ်မထိုးခဲ့ပါ။ ယင်းအကျိုးဆက်ကြောင့် စစ်ရေးဆိုင်ရာများတွင် စစ်တပ်အနေဖြင့်

7. "COVID-19: UN chief calls for global ceasefire to focus on 'the true fight of our lives' 23 March 2020, UN News, 23 March 2020 https://news.un.org/en/story/2020/03/1059972
8. "Conflict, Health Cooperation and COVID-19 in Myanmar," International Crisis Group, 19 May 2020 https://www.crisisgroup.org/asia/south-east- asia/myanmar/b161-conflict-health-cooperation-and-covid-19-myanmar

၎င်းတို့လက်ကိုင်ပြုကျင့်သုံးလေ့ရှိသည့် ရက်စက်ကြမ်းကြုတ်မှုနည်းဗျူဟာကို အပြစ်မဲ့ပြည်သူများအား ဆက်လက်အသုံးပြုခွင့်ရနေကာ တရားမျှတမှု လမ်းကြောင်းသည်လည်း ငြင်းပယ်မြငြင်းပယ်ခံ နေခဲ့ရသည်။ အကာအကွယ်ပေးရေး ဆိုင်ရာ အစီအမံ များအဖြစ် သတ်မှတ်ထားသော တရားရုံး၏အဆုံးအဖြတ် ရယူခြင်းနှင့် ဒေသခံအာဏာပိုင်များထံ ဆက်သွယ်တိုင် ကြားရန်မှာလည်း ဝေးလံခေါင်သီသည့် ဒေသများတွင် တည်ရှိနေခြင်း၊ လွတ်လပ်စွာသွားလာခွင့်များ အထပ်ထပ်ပိတ်ဆို့ တားမြစ်ခံထားရခြင်းတို့ကြောင့် အခွင့်မသာနိုင်ပေ။

ND-Burma အဖွဲ့ဝင်အဖွဲ့စည်းများ၏ မှတ်တမ်းအချက်အလက်များအရ ပြည်သူများသည် လုံခြုံမှုကင်းမဲ့ပြီး ကူးစက်ရောဂါတိုက်ဖျက်ကာကွယ်တားဆီးရေးအတွက် ၎င်းတို့၏စွမ်းဆောင်နိုင်စွမ်းများ ကန့်သတ်ခံနေရဆဲဟု မှတ်ချက်ပြုပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် လက်နက်ကိုင်တိုက်ပွဲများ များပြားလာခြင်းကြောင့် ရောဂါဖြစ်ပွားမှုနှုန်းကို ၎င်းတို့၏ အသက်အိုးအိမ်၊ အခွင့်အရေးနှင့် ဂုဏ်သိက္ခာတို့အတွက် မရှိမဲ့ရှိမဲ့ အရင်းအမြစ်အနည်းငယ်ဖြင့် ကြံ့ကြံ့ခံကာကွယ် ကြိုးပမ်းနေသူများအား အကြပ်အတည်းဆီသို့ တွန်းပို့နေသည်။ လက်တွေ့ဘဝတွင် စားနပ်ရိက္ခာပြတ်လပ်မှု၊ အခြေခံစားကုန်နှင့် ပစ္စည်းများသယ်ယူရန် လမ်းပန်းခရီး ဆက်သွယ်ရေး ကန့်သတ်ပိတ်ဆို့မှုများသည်ပြည်သူများ၏ နေ့စဉ်ဘဝရုန်းကန်နေရမှုများကို ပိုမိုခက်ခဲစေခဲ့သည်။ ဤအခက်အခဲများကြားထဲတွင် ရခိုင်ပြည်နယ်ရှိ မြို့နယ်အများစုနှင့် ချင်းပြည်နယ်တွင် COVID-19 ကူးစက်ရောဂါ နှင့်ဆိုင်သော ကယ်ဆယ်ရေးဆိုင်ရာ ခုခံကာကွယ်ထိန်းချုပ်မှု သတင်းအချက်အလက် ရရှိနိုင်စေရန်မရှိမဖြစ်လိုအပ်သော အင်တာနက်ဆက်သွယ်မှု မတရားဖြတ်တောက် ခြင်းခံနေရသေးသည်။ အရပ်သား ပြည်သူများနေထိုင်ရာ နေရာဒေသတို့တွင် မြန်မာစစ်တပ်မှ တပ်အင်အားတိုးချဲ့ တပ်စွဲလာမှု ပိုမိုများပြားလာသည်ကို ND-Burma အဖွဲ့ဝင်များဖြစ်ကြသည့် AASYC၊ FPPMEB ၊ FLC ၊ TSYU၊ TWO၊ CHRO အဖွဲ့အစည်းတို့ကလည်း ၎င်းတို့၏မှတ်တမ်းပြု တွေ့ရှိချက်များအရ မျက်မြင်တွေ့ရှိခဲ့ရကြောင်း ပြောကြားခဲ့ကြသည်။

**ဇယား ၂ အရပ်သားပြည်သူများနေထိုင်ရာ ဒေသများတွင်မြန်မာစစ်တပ်မှ တပ်အင်အားတိုးချဲ့ခြင်း**




မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းဟု ခေါ်သည့် HURFORM နှင့် တစ်ခြားမိတ်ဖက်အဖွဲ့ဝင်နှစ်ဖွဲ့အနေဖြင့် ၎င်းတို့၏ လူ့အခွင့်အရေး အချက်အလက်ကောက်ခံရာ ဒေသများအတွင်း မုဒိမ်းကျင့်မှုအပါအဝင် အခြား လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုများနှင့်ပတ်သက်၍ ချိုးဖောက်မှုများ တိုးလာခြင်းမရှိသော်လည်း အမျိုးသမီးများအား ပြည့်တန်ဆာဘဝသို့ ရောက်ရှိစေရန် အတင်းအကြပ်စေခိုင်းခြင်းနှင့် လူကုန်ကူးသည့်အမှုများ တိုးလာခဲ့သည်ကိုတွေ့ရှိခဲ့သည်ဟု အစီရင်ခံ တင်ပြထားသည်။

## အပိုင်း ၂၊ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများ၊ အရပ်သားနှင့် သတင်းထောက်များကို ပစ်မှတ်ထားခြင်း

မြန်မာစစ်တပ်နှင့်အစိုးရသည် အရေးပေါ်ကာလ စောင့်ကြည့်မှုဆိုင်ရာအစီအမံများကို ပိုမိုစည်းကြပ်ဆောင်ရွက်သည့် အနေဖြင့် အာဏာကို လိုအပ်သည်ထက် ကျော်လွန်၍ လုပ်ဆောင်ခဲ့ကြသည်။ ကူးစက်ရောဂါကပ်ဘေးကာလအတွင်း လူ့အခွင့်အရေး ဥပဒေမှ အချို့သောကန့်သတ်မှုများ ကိုဖြေလျော့ထားသော်လည်း အရပ်သားပြည်သူများအခြေချရာ ဒေသများတွင်မူ မြန်မာစစ်တပ်၏ တင်းကြပ်သော အမိန့်အာဏာများနှင့်စစ်ဆင်ရေးအသွင် ဆောင်ရွက်မှုများပိုမို များပြားလာခဲ့သည်။

ND–Burma ၏ အဖွဲ့ဝင်အဖွဲ့အစည်းများဖြစ်ကြသည့် AASYC, HURFOM, PYO နှင့် CHRO တို့၏ တွေ့ရှိချက်များတွင် ကူးစက်မြန် ကပ်ဘေးရောဂါကာလအတွင်း လက်နက်ကိုင်ပဋိပက္ခဒေသနှင့် ကပ်ရောဂါအခြေအနေများကို သတင်းကောက်ခံ ရေးသားနေ ကြသည့်လုပ်ငန်းများတွင် ပစ်မှတ်ထားစောင့်ကြည့်ခံနေကြရသည့် သတင်းထောက်များအတွက် စိုးရိမ်ပူပန်မိသည်ဟု ပြောကြသည်။ AASYC ၏ ဆန်းစစ်လေ့လာချက်များတွင် ရခိုင်ဒေသအတွင်းရှိ သတင်းထောက်များသည် လတ်တလောဖြစ်ပွားနေသည့် စစ်ရေးပဋိပက္ခအခြေအနေများကို ရေးသားဖော်ပြခဲ့ ကြခြင်းကြောင့် ပစ်မှတ်ထားစောင့်ကြည့်ခံခဲ့ရသည်ဟု ဆိုသည်။ နိုင်ငံ၏အနောက်ဖက်ပိုင်း တစ်ချို့သောမြို့နယ်များတွင် ဆက်သွယ်ရေး နှင့်ပို့ဆောင်ရေးဝန်ကြီးဌာနမှ အင်တာနက် ဝန်ဆောင်မှုများကို ဖြတ်တောက်ထားမှုကြောင့် မြေပြင်အခြေအနေမှန် သိရှိရန်ပို၍ ခက်ခဲစေခဲ့ပါသည်။ မြန်မာအစိုးရမှ ရခိုင်နှင့် ချင်းပြည်နယ်ရှိ မြို့နယ်ခုနှစ်မြို့နယ်တို့တွင် အင်တာနက်ဖြတ်တောက်ခြင်းသည် အရပ်သားပြည်သူများရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် သက်ဆိုင်သော သတင်းအချက်အလက် ရရှိနိုင်မှုနှင့် စစ်ရေးပဋိပက္ခများအတွင်း နေထိုင်ကြရမှုတို့ကြောင့် ပိုမိုစိုးရိမ်ဖွယ်ဖြစ်လာစေခဲ့သည်။

ရခိုင်နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအအဖွဲ့အစည်းများနှင့် မီဒီယာများ၏အဆိုအရ ပြည်နယ်အတွင်းတွင် လက်နက်ကိုင်ပဋိပက္ခများသည် နှစ်ဆမျှပင်တိုးလာခဲ့သည်။ ကူးစက်ရောဂါကာလအတွင်းလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်သည် ဆိုးဝါးစွာကျဆင်းခဲ့သောကြောင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးမှ Michelle Bachelet မှ သတင်းအမှားများ ဖြန့်ဝေခြင်း တို့ကို ရပ်တန့်ရန် တောင်းဆိုခဲ့ရသည်အထိပင် ဖြစ်ခဲ့သည်။[၉] အစိုးရမှတိုင်းပြည်၏ ဆက်သွယ်ရေးအော်ပရေတာ လေးခုကို ဝက်ဘ်ဆိုက်ပေါင်း ၂၂၁ ခုတို့အား ကူးစက်မြန် ကပ်ဘေးရောဂါနှင့် ပတ်သက်၍ သတင်းမှန်မဟုတ်ဘဲလုပ်ကြံလီဆယ် သတင်းဖြန့်ဝေသည်ဟုစွပ်စွဲ၍ ပိတ်ဆို့ရန် ဆုံးဖြတ်ချက် ချခဲ့ခြင်းသည် သတင်းထောက်များအတွက်ပို၍ စိုးရိမ်စရာဖြစ်စေခဲ့ပါသည်။[၁၀] သို့သော်လည်း ယင်း သို့ ပိတ်ပင်တားမြစ်ခဲ့သည့် စာရင်းကိုပြည်သူများထံ ချပြခဲ့ခြင်းမရှိချေ။ COVID–19 ကူးစက်မြန်ကပ်ဘေးရောဂါ ကာလအတွင်း မြန်မာအစိုးရနှင့် စစ်တပ်တို့အား အစိုးရ၏ မူဝါဒနှင့် ကူးစက်ရောဂါ ကိုင်တွယ်တုံ့ပြန်မှုများကို တင်ပြသည့် သတင်းထောက်များကိုပို၍ ပစ်မှတ်ထားစေခဲ့သည်။

HURFOM၊ PYO နှင့် CHRO တို့၏ အဆိုအရ အရပ်သားပြည်သူများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းသို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှ အကူအညီအထောက်အပံ့၊ ရောဂါကာကွယ်ရေးနှင့်စပ်ဆိုင်သော အရင်းအမြစ်နှင့်သတင်းအချက်အလက်များ ရယူခြင်းတို့ကြောင့် ခြိမ်းခြောက်ခံကြရကြောင်း ပြောသည်။ မြန်မာစစ်တပ်သည် COVID–19 ကူးစက်မြန် ကပ်ဘေးရောဂါ ကာလအကြပ်အတည်း စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် အဓိကအခန်းကဏ္ဍ နှင့်တာဝန်အရှိဆုံးဟု မှတ်ယူကာ တိုင်းရင်းသားတို့ အခြေပြုရာဒေသများတွင် ခြေကုပ် အခြေစိုက်မှုများပိုမိုလုပ်ဆောင်လာခဲ့သည်။

COVID–19 ကူးစက်မြန်ကပ်ဘေးရောဂါ ပထမဆုံးအတည်ပြုချိန်မှစ၍ ဒေသအတွင်းမတည်ငြိမ်မှုများ မြင့်တက်လာခြင်းသည် ND–Burma အဖွဲ့ဝင်အဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ဒေသခံရပ်ရွာ ပြည်သူလူထုများအတွက် အံ့သြစရာမဟုတ်သည့်အပြင်ဘေးကင်း လုံခြုံသည်ဟုလည်း မခံစားရပါ။



မြန်မာအစိုးရမှ ရခိုင်နှင့် ချင်းပြည်နယ်ရှိ ၇ မြို့နယ်တို့တွင် အင်တာနက် ဖြတ်တောက်ခြင်းသည် အရပ်သားပြည်သူများရောဂါ ကာကွယ်တိုက်ဖျက်ရေးနှင့် သက်ဆိုင်သော သတင်းအချက်အလက် ရရှိနိုင်မှုနှင့် စစ်ရေးပဋိပက္ခများအတွင်း နေထိုင်ကြရမှုတို့ကြောင့် ပိုမိုစိုးရိမ်ဖွယ်ဖြစ်လာစေခဲ့သည်။

9. "Asia: Bachelet alarmed by clampdown on freedom of expression during COVID-19," 3 June 2020, United Nations Human Rights Office of the High Commissioner https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=25920&LangID=E
10. "Myanmar blocks "fake news" websites amid COVID-19 pandemic," OONI, 5 June 2020 https://ooni.org/post/2020-myanmar-blocks-websites-amid-covid19/

အကြပ်အတည်းကာလ အားနည်းချက်များ၊ ထိခိုက်လွယ်မှုများဖြစ်ပေါ်နေသည့် ကြားထဲတွင် အလုပ်သမားတို့၏ အခွင့်အရေးဆိုင်ရာ ချိုးဖောက်ခံရမှုများ၊ ခြိမ်းခြောက်ခံရမှုများနှင့် စိုးရွံ့ကြောက်လန့်စေရန် ဆောင်ရွက်မှုများပြားလာကြောင်း အလုပ်သမားဆိုင်ရာ အခွင့်အရေးလေ့လာစောင့်ကြည့်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် ND–Burma ၏အဖွဲ့ဝင်အဖွဲ့စည်းများဖြစ်သည့် FPPM–EB၊ FLC၊ HURFOM နှင့် TSYU တို့က ညွှန်းဆိုဖော်ပြကြသည်။ တကယ်တမ်းတွင်ဤ အချက်သည်လည်း အာရှ–ပစိဖိတ်ဒေသရှိ အစိုးရတော်တော်များများက လူနည်းစုအသိုင်းအဝိုင်းများကြောင့် ကူးစက်ရောဂါပြန့်ပွားခြင်းဖြစ်သည်ဟု အပြစ်တင်ဝေဖန်မှု ပြုလုပ်နေခြင်းသည် အံ့သြစရာတော့ မဟုတ်ပေ။ ဤနည်းဗျူဟာကို ကူးစက်ရောဂါကိုင်တွယ်မှုအားနည်းခြင်းကို လမ်းကြောင်းပြ၍ အုံကြွမှုနှင့်ဆန္ဒပြမှုများရှိနိုင်သည့် နေရာများတွင် စစ်တပ်၏ထိန်းချုပ်မှုရှိစေရန် စနစ်တကျအသုံးချပြုခဲ့သည်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများနှင့် သတင်းမီဒီယာများအား တားဆီးပိတ်ပင်ခြင်းကြောင့် COVID–19 ကူးစက်မြန်ကပ်ဘေးရောဂါနှင့်ပတ်သက်၍ အန္တရာယ်ကျရောက်နိုင်ချေရှိသော ပြည်သူလူထုတို့အား ကာကွယ်ပေးနိုင်မည့် သတင်းအချက်အလက်များ ရေးသားဖော်ပြရာတွင် အထူးဂရုပြုချဉ်းကပ်ရေးသား ဖော်ပြခဲ့ရသည်။

ထို့ကြောင့်မြန်မာအစိုးရအနေဖြင့် အရေးပေါ် ဥပဒေများချမှတ်ပြဋ္ဌာန်းရာတွင် မည်သည့်အခြေအနေမျိုးတွင်မဆို လူ့အခွင့်အရေး၏ အခြေခံအချက်များအား ပိတ်ပင်တားဆီးလိုက်ခြင်း မရှိစေရန်သေချာစေရမည်။ သတင်း အချက်အလက်များကိုတားဆီးခြင်း၊ ကန့်သတ်ပိတ်ဆို့ခြင်းများအားလုံးကို ဖယ်ရှား၍ ယုံကြည်အားထားရသော သတင်းအချက်အလက်များနှင့် သတင်းရုပ်သံလိုင်းများ အားတားဆီးပိတ်ဆို့ခြင်း မပြုလုပ်သင့်ပါ။ သတင်းထောက်၊ အရပ်သားပြည်သူများနှင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင် သူများအပေါ် ချိုးဖောက်ခဲ့သောပြစ်မှုများကို လွတ်လပ်သော တရားစီရင်ရေး လုပ်ထုံးလုပ် နည်းများအရ ချိုးဖောက်ခံရသူ၏ ဂုဏ်သိက္ခာကို ကာကွယ်မြှင့်တင်ရန်ပွင့်လင်းမြင်သာသော နည်းလမ်းဖြင့် စုံစမ်းစစ်ဆေးရ ပေမည်။


## COVID–19 ရောဂါကာလအတွင်း လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများ၏ တွေ့ကြုံရသည့် စိန်ခေါ်မှု အကြပ်အတည်းများ

- မြန်မာပြည်တွင်းရှိ သတင်းထောက်များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စောင့်ကြည့်ခံရမှုများ စသည့် ကန့်သတ်ချက်များခံခြင်း။ ကျန်းမာရေးဝန်ထမ်းများနှင့် သတင်းထောက်များမှ COVID–19 ရောဂါဆိုင်ရာ ကျန်းမာရေး အသိပညာများ၊ သတင်းအချက်အလက်များ ဘေးကင်းစွာဝေမျှရန် ကန့်သတ်ခံရခြင်း။
- ရခိုင်နှင့်ချင်းပြည်နယ်တွင်းရှိတိုက်ပွဲများကြောင့် အရပ်သားပြည်သူများနှင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများ အနေဖြင့် COVID–19 ရောဂါ ထက် စစ်ပွဲကြောင့်သေဆုံးရမည်ကို ပို၍စိုးရိမ်ကြသည်။
- ပြည်သူလူထု၏လွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်ချယ်ခြင်းသည် တပ်မတော်အားတိုင်းရင်းသားဒေသများတွင် အာဏာအလွဲသုံးစားလုပ်၍ တပ်အင်အားကိုပိုမိုတိုးချဲ့စေ
- တရားမျှတမှုနှင့် ကာကွယ်ရန်လမ်းကြောင်းများ အားနည်းခြင်း/ တရားရုံးများပိတ်ထားခြင်း နှင့် ကာကွယ်ရေးလုပ်ငန်းစဉ်များပျောက်ဆုံးခြင်း


## အပိုင်း ၃၊ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့၏ COVID-19 ကူးစက်မြန်ကပ်ရောဂါအား တုံ့ပြန်ဆောင်ရွက်ချက်များ

မြန်မာပြည်တွင်းရှိ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့သည်လည်း ကူးစက်မြန်ကပ်ရောဂါအား မတူညီသော ချဉ်းကပ်မှုနည်းလမ်းများဖြင့် ဝိုင်းဝန်းတုံ့ပြန်ဆောင်ရွက်ခဲ့ကြသည်။ သို့သော်လည်း ပြည်တွင်းစစ်မီးများကြား ပြည်သူ့ကျန်းမာရေးပြဿနာမှာ ရတက်မအေးဖွယ် အခြေအနေဖြင့်သာဆက်လက်ရှိနေခဲ့သည်။ အရပ်ဖက်လူမှုအဖွဲ့စည်းများနှင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများ၏ မှတ်တမ်းများတွင်မူ ရောဂါကူးစက်ခံစားရသူ အရေအတွက်ထက် ကာလကြာရှည်ဖြစ်ပွားနေသည့် စစ်ဘေးစစ်ဒဏ်များ၏ အကျိုးဆက်ကြောင့် တိမ်းပါးသွားခဲ့ရသည့် ပြည်သူတို့၏ အရေအတွက်က ပိုမိုများပြားကြောင်း ထောက်ပြကြသည်။[11] အခြေခံကျန်းမာရေးဆိုင်ရာ အဆောက်အအုံများရှိမနေ ခြင်းနှင့်ပဋိပက္ခဒေသအတွင်း မီးတင်းနေထိုင်နေရပြီး လွတ်လပ်စွာလှုပ်ရှားသွားလာမှုကို ကန့်သတ်ပိတ်ပင်ခြင်းခံနေရခြင်းကြောင့် ကူးစက်ရောဂါ စစ်ဆေးနိုင်မှုအခွင့်အလမ်းမှာ နည်းပါးနေသည်။ ကူးစက်မြန်ကပ်ရောဂါ ကာကွယ်တားဆီးထိန်းချုပ်ရေးကို ရှေ့တန်းမှလုပ်အားပေးဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများမှလည်း ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှုများတွင် လိုအပ်ချက်များစွာရှိနေကြောင်း၊ ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းစဉ်များတွင် အားသွန်ခွန်စိုက်ကြိုးပမ်းလုပ်ဆောင်နေသူများအတွက် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာသင်တန်းများ ထောက်ပံ့ပို့ချပေးရန် NLD အစိုးရအား တောင်းဆိုနေမှုများလည်းရှိသည်။[12]

ND–Burma အဖွဲ့ဝင်အများစုက မှတ်ချက်ပြုသည်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိအဆင့်ဆင့်သော အာဏာပိုင် တို့သည် လက်ဆေးသည့် နေရာများအားထားရှိခြင်း၊ တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်စောင့်ကြပ်ကြည့်ရှုရန် နေရာများပြင်ဆင်ဆောင်ရွက်ထားခြင်း အပြင် သတင်းအချက်အလက်များရရှိနိုင်ရန် သေချာကြိုးပမ်းအားထုတ်ခဲ့ကြ ဟုမြင်သည်။ သို့ သော်လည်း PYO နှင့် TWO တို့မှ ထိုကြိုးပမ်းအားထုတ်မှုများသည် အောင်မြင်မှုမရှိဟု ထင်မြင်ကာ HURFOM၊ TWO နှင့် CHRO အဖွဲ့တို့မှာမူ သက်ဆိုင်ရာအဖွဲ့အစည်းများသည် သာမန်လုပ်ဆောင်ချက် တစ်ခုကိုလုပ် ဆောင်ခဲ့ခြင်းသာဖြစ်သည်ဟု မှတ်ချက်ပြုကြသည်။




ND–Burma အဖွဲ့ဝင်များသည်မြန်မာပြည်အနှံ့တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးတွင်ရှိသောကြောင့် ကူးစက်ကပ်ရောဂါကာကွယ်တိုက်ဖျက်ရေးနှင့် ပတ်သက်၍အဓိကမည်သူ့တွင် တာဝန်ရှိသည့်အပေါ် အမြင်မတူသော်လည်း အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ကူးစက်မြန်ကပ်ရောဂါတုံ့ပြန်ရေးတွင် အစိုးရ၏လစ်ဟာမှုများကို ဖြည့်ဆည်းပေးရာတွင် အဓိကကျသောသူများဖြစ်သည်ဟု ဆိုသည်။




11. "Myanmar military steps up attacks as coronavirus spreads," 16 April 2020, Al Jazeera https://www.aljazeera.com/news/2020/04/myanmar- military-steps-attacks-coronavirus-spreads-200416060255091.html
12. "Civil society grapples with Covid-19 impact in Myanmar's ethnic areas," 4 May 2020, Myanmar Mix https://www.myanmarmix.com/en/articles/civil-society-grapples-with-covid-19-impact-in-myanmars-ethnic-areas

ကူးစက်မြန်ကပ်ရောဂါကာလအတွင်း ရန်ပုံငွေအခက်အခဲအတည်းနှင့် အခြားအရင်းအမြစ်များ ခက်ခဲနေသည့်တိုင် ကွန်ရက်အဖွဲ့ဝင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့ အခြေစိုက်ရာနေရပ်ဒေသရှိ ပြည်သူလူထုတို့၏ အခြေခံလိုအပ်ချက်များကို မှတ်တမ်းပြု ကောက်ခံရရှိစေရန် ကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့ကြသည်။ မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်း HURFOM အပါအဝင်တစ်ချို့သော ND–Burma အဖွဲ့ဝင်အဖွဲ့အစည်းများသည် စစ်ဘေးရှောင်ဒေသရှိ ကျေးရွာပေါင်း(၈)ရွာသို့ အခြေခံစားသောက်ကုန်များကို တတ်အားသရွေ့ ဝေမျှ ဖြန့်ဖြူးခဲ့သည်။ ထို့အပြင် မေလ၂၀၂၀ တွင်လည်းအစိုးရအားအခြေပြုဒေသအတွင်းရှိ ရောဂါတားဆီးကာကွယ်ရေး စီမံချက်တွင်ပါဝင်ဆောင်ရွက်နေကြသော အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုခဲ့သည်။[၁၃]

ND–Burma အဖွဲ့ဝင်အဖွဲ့အစည်းအများစုမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ အစိုးရအာဏာပိုင်များအနေဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် အတူတကွပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းအားထုတ်ခဲ့သည် ဟုရှုမြင်ပြီး ကွန်ရက်အဖွဲ့ဝင် အနည်းစုမှာမူ (အမျိုးသားအဆင့်/ဗဟိုအစိုးရ) နိုင်ငံတော်အစိုးရကသာအရပ်ဖက်အဖွဲ့စည်းနှင့် ပူးပေါင်းလုပ်ဆောင်မှုကို ကြိုးပမ်းအားထုတ်ခဲ့သည် ဟုမြင်ကြသည်။

EAOs များနှင့် အရပ်ဖက်အဖွဲ့အစည်းများက အစိုးရအနေဖြင့် အောက်ခြေလိုအပ်ချက်များကို လက်တွေ့ကျကျလုပ်ဆောင်ပေးရန်နှင့် ဗိုင်းရပ်တိုက်ဖျက်ရေးအတွက် တိတိကျကျ ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုကြသည်။ ဝေးလံခေါင်သီသည့်ဒေသရှိ လူထုအတွက် တကိုယ်ရေကာကွယ်မှုပြုသည့် ပစ္စည်းကရိယာများ ပိုမိုထောက်ပံ့ရန်နှင့် တိုင်းရင်းသားစာပေနှင့် ပညာပေးစာရွက်စာတန်းများ ပုံနှိပ်ဖြန့်ချီရန်တို့ဖြစ်သည်။ လူ့အခွင့်အရေးအဖွဲ့အစည်းများနှာ ဗိုင်းရပ်စ်ရောဂါကာကွယ်၊ ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများကြောင့် ၎င်းတို့ လှုပ်ရှားဆောင်ရွက်ရန် ကန့်သတ်မှုများ ရှိနေခြင်းကြောင့်ဖြစ်သည်။ မတ်လ ၂၃ ရက်တွင် TSYU မှ အစည်းအဝေး၊ သင်တန်းနှင့် ဆွေးနွေးပွဲများကို မေလ ၁၉ ရက်နေ့အထိ ရပ်ဆိုင်းထားရန် ဆုံးဖြတ်ခဲ့သည်။ သို့သော်လည်း တကိုယ်ရေကာကွယ်ရေးပစ္စည်းများနှင့် သတင်းအချက် အလက်များကို ရှမ်းပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းရှိ မြို့နယ် ၁၈ မြို့နယ်တွင် ဝေငှပေးခဲ့သည်။[၁၄]


TWU အဖွဲ့မှလွဲ၍ကျန် ND–Burma အဖွဲ့ဝင်များအားလုံးမှ လူ့အခွင့်အရေးကျူးလွန်ချိုးဖောက်သူများသည် ထိုက်သင့်သည့် အပြစ်ပေးအရေးယူခံရခြင်းမရှိခဲ့ဟုသဘောတူမှတ်ချက်ပြုခဲ့သည်။ ချိုးဖောက်ခံရမှုအလိုက် အပြစ်ပေး အရေးယူ မှုများဖြစ်ခဲ့သည်ဟု TWUမှမှတ်တမ်းပြုထားသည်။ AASYC မှ မြန်မာ့တပ်မတော်သည် လူ့အခွင့်အရေးချိုးဖောက်သူ များအားတရားစီရင်အရေးယူ ဆောင်ရွက်ခြင်းများရှိခဲ့သည်ဟု ပြောဆိုသော်လည်း လုပ်ထုံးလုပ်နည်းများမှာ ပွင့်လင်းမြင်သာမှုမရှိဟုထောက်ပြခဲ့သည်။

စစ်ခုံရုံးတွင်သာတရားစီရင်ခြင်းများဆောင်ရွက်မည် ဆိုသည့် တပ်မတော် ကာကွယ်ရေးစစ်ဦးစီးချုပ်၏ နောက်ဆုံးပြောဆိုချက်ကို ထောက်ရှုခြင်းအားဖြင့် တရားမျှတမှု နှင့် အလှမ်းဝေးနေဦး မည်ပင်ဖြစ်သည်။


COVID–19 ကူးစက်မြန်ကပ်ရောဂါ ကာကွယ်တားဆီးတိုက်ဖျက်ရေးလုပ်ငန်းများ အတူလက်တွဲပူးပေါင်းဆောင်ရွက်ရန် ကြိုးပမ်းမှုများတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများပါ ကိုယ်စီတောင်းဆိုမှုများရှိခဲ့သည်။ အပစ်အခတ်ရပ်စဲခြင်းဆိုင်ရာ သဘောတူညီမှုဆောင်ရွက်ရာတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့် ဒေသရှိလက်နက်ကိုင်အင်အားစုများကို ဖယ်ကြဉ်ချန်လှပ်ထားခြင်းကို ကြည့်ခြင်းအားဖြင့် စစ်မှန်သော မည်သည့် ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းစဉ် များမဆိုအောင်အောင်မြင်မြင် ဆောင်ရွက်နိုင်လိမ့်မည်မဟုတ်မှန်း ထောက်ပြနေသည်။

13. Ibid
14. Ibid


**ဇယား ၅၊ ပြည်နယ်ရှိအာဏာပိုင်များမှ COVID-19 ကူးစက်မြန်ကပ်ရောဂါတုံ့ပြန်ရေးတွင် တွေ့ရှိရသောအားနည်းချက်များ**




**ဇယား ၆၊ တိုင်းဒေသရှိ အာဏာပိုင်များမှ COVID-19 ကူးစက်မြန်ကပ်ရောဂါတုံ့ပြန်ရေးတွင်တွေ့ရှိရသောအားနည်းချက်များ**




**ဇယား ၇၊ အမျိုးသားအဆင့် COVID-19 ကူးစက်မြန်ကပ်ရောဂါတုံ့ပြန်ရေးတွင် တွေ့ရှိရသောအားနည်းချက်များ**



မြန်မာတပ်မတော်မှ အပစ်ခတ်ရပ်စဲရေး (ရခိုင်တပ်မတော်မပါဝင်ဘဲ) ကြေညာပြီးသည့်နောက်ရက်တွင်ရှမ်းပြည် မြောက်ပိုင်းရှိ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော်ကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။[၁၅] ထို့အပြင် မြန်မာ့တပ်မတော်သည် ကရင်အမျိုးသား အစည်းအရုံး (KNU)၏ COVID-19 ကူးစက်မြန်ရောဂါရှာဖွေစစ်ဆေးရေး ဂိတ်များကို မီးရှို့ခဲ့ပြီး[၁၆] မွန်ပြည်သစ်ပါတီတို့၏ COVID-19 ကူးစက်မြန်ရောဂါ ရှာဖွေစစ်ဆေးရေးဂိတ်များကို ပြန်ရုပ်သိမ်းရန် ဖိအားပေးခဲ့ကြသည်။[၁၇] ရခိုင်ပြည်နယ်အတွင်း အထူးသဖြင့်စစ်ရေးပဋိပက္ခ ပြင်းထန်သောနေရာတွင် ကူးစက်ရောဂါပြန့်ပွားမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများနှင့်ဗြိတိန်နိုင်ငံတို့မှထုတ်ဖော်ရှုတ်ချခဲ့ကြသည်။[၁၈] ကူးစက်မြန်ကပ်ရောဂါကိုကာကွယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းစဉ်များ ကိုတိုးမြှင့်ဆောင်ရွက်ရမည့်အစား မြန်မာ့တပ်မတော်အနေဖြင့် တဖက်သတ်အပစ်ခတ်ရပ်စဲရေးကို ကြေငြာပြီးနောက်ကွယ်တွင်ပင် ယင်း ကြေငြာချက်ကို မလေးမစားပြုမူခဲ့သည့် အဖြစ်အပျက်များကို ကွန်ရက်၏ ဆက်စပ်အဖွဲ့အစည်းဖြစ်သည့် ရှေ့ပြေးအသံအဖွဲ့က ၎င်းတို့၏ လေ့လာချက်များကို ထုတ်ပြန်ခဲ့သည်။[၁၉]

သက်ဆိုင်ရာဒေသတွင်းရှိ အစိုးရအာဏာပိုင်များသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့ နှင့်ပူးပေါင်းလုပ်ကိုင်ရန် အားထုတ်မှု မရှိကြောင်း လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) အဖွဲ့ဝင်များမှပြောဆိုပြီး အဖွဲ့ဝင်တစ်ချို့မှ ပြည်ထောင်စုအစိုးရသည် တိုင်းရင်း ရင်းသားလက်နက်ကိုင် အဖွဲ့ဝင်များနှင့် ပူးပေါင်းလုပ်ဆောင်ရန် ကြိုးစားအားထုတ်မှု မရှိဟု မှတ်ယူခဲ့သည်။

ND-Burma ၏ နောက်ထပ်တွေ့ရှိတင်ပြချက်မှာ ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရတို့သည်တိုင်းရင်းသား ပြည်နယ်များအထူး သဖြင့် ကျေးလက်ဒေသများတွင် လုံလောက်သောတစ်ကိုယ်ရေသုံး ရောဂါကာကွယ်ရေးပစ္စည်းများ လုံလောက်စွာ ဖြန့်ဖြူးဝေငှပေးခဲ့ခြင်း မရှိ ဟုဆိုသည်။ အချို့သောအဖွဲ့ဝင်များ ဖြစ်သော CHRO၊ FPPN-EB၊ FLC၊ AASYC နှင့် TSYU တို့၏တွေ့ရှိချက်အရ ဒေသဆိုင်ရာအာဏာပိုင် များမှ မလျော်ကန်သော စစ်တပ်အင်အားတိုးချဲ့ခြင်းများတွင်ပင် ပါဝင်စည်းကြပ် ဆောင်ရွက်ခဲ့ကြသေးသည်ဟုဆိုသည်။ ကွန်ရက်အဖွဲ့ဝင် အဖွဲ့အစည်းများအားလုံးမှ အမျိုးသားအဆင့် အစိုးရ၏အကြီးမားဆုံးသော ပျက်ကွက်မှုမှာ တစ်ကိုယ်ရေသုံးကာကွယ်ရေးပစ္စည်းများအလုံ အလောက် ထောက်ပံ့ ပေးနိုင်ခြင်းမရှိဟု အခိုင်အမာမှတ်ချက်ပြုကြသည်။

COVID-19 ကူးစက်မြန်ကပ်ရောဂါသည် မြန်မာနိုင်ငံ၏ ဘဏ္ဍာငွေမလုံလောက်ခြင်းနှင့်နိမ့်ကျသော အခြေခံကျန်းမာရေး အဆောက်အအုံများကို မြင်သာစေခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူပိုင်အဆောက်အဦးနှင့် နေရာများကို ကန့်သတ်စောင့်ကြပ် ကြည့်ရှုသည့် နေရာများနှင့် ခေတ္တဆေးကုသမှုဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အသုံးပြုခဲ့သည်။ ရောဂါကူးစက်ပြန့်ပွားမှု ဖြစ်နေသည့်တိုင် စစ်ပွဲများကို မရပ်တန့်နိုင်ခဲ့ပါ။ ကူးစက်ရောဂါဖြစ်ပွားချိန် ပထမအဆင့်တွင်ပင် မြန်မာတပ်မတော်သည် မိမိတို့၏ လုံခြုံရေးအတွက်တိုင်းသူ ပြည်သူများကိုနောက်ကောက်ချကာ၎င်းတို့အတွက်ဦးစားပေးအစီအစဉ်များ ချမှတ်ခဲ့သည်။ မြန်မာတပ်မတော်သည် ၎င်းတို့၏ စစ်တပ်ပိုင် စီးပွားရေးလုပ်ငန်းများမှ ရရှိသော ငွေလုံးငွေရင်း အမြတ်အစွန်းနှင့် တိုင်းပြည်မှ ရရှိသည့် စစ်အသုံးစားရိတ်များမှ ဘတ်ဂျက်ငွေ လုံလောက် စွာရရှိသည်။ တပ်မတော်သည် ကိုယ်ပိုင်ဘတ်ဂျက်ဖြင့် နိုင်ငံသားအတော်များများ လက်လှမ်းမမီသော ကျန်းမာရေးဝန်ဆောင်မှုများ ကိုရရှိခဲ့ ပြီး ကူးစက်ရောဂါ ပထမအဆင့်ကတည်းက ရောဂါကာကွယ်နိုင်မည့် နည်းလမ်းများကို သေချာလုပ်ဆောင်နိုင်ခဲ့သည်။ ဤအချက်သည် နိုင်ငံ ၏ဘတ်ဂျက်မရရှိခြင်း တို့ကြောင့် အသက်ရှူအကူကရိယာနှင့် တကိုယ်ရေကာကွယ်ရေးပစ္စည်းများ လုံလုံလောက်လောက်ရရှိရန် အစိုးရ အနေဖြင့် ခက်ခဲစွာရုန်းကန်နေရခြင်းနှင့် တိုင်းပြည်၏ ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှု အားနည်းချက်ကို ပို၍ ထင်ရှားမြင်သာစေခဲ့သည်။

# အပိုင်း ၄၊ နိဂုံးချုပ်

ကျန်းမာရေးနှင့် လူ့အခွင့်အရေးသည် အပြန်အလှန်အားဖြင့် ဆက်စပ်နေလျှက်ရှိပြီး လူသားအားလုံးသည် အရည်သွေးပြည့်မီ၍ လက်လှမ်းမီနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရမည်။ မြန်မာပြည်၏ COVID-19 ကူးစက်မြန်ကပ်ရောဂါကို ကိုင်တွယ်ရာတွင် ကံအကြောင်းမလှစွာဖြင့် နိုင်ငံရေးအသွင်ဆန်လာခဲ့ပြီး မြန်မာ့တပ်မတော်မှ ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးနည်းဗျူဟာများအတွက် သွေးခွဲ အုပ်ချုပ်သည့် ကိရိယာသဖွယ် အသုံးပြုခဲ့သည်။ အရပ်သားဒေသများတွင် စစ်အင်အားတိုးချဲ့ခြင်းသည် မြန်မာတပ်မတော်မှ ပြည်သူများ အပေါ် အကာကွယ်ပေးရန် ကင်းမဲ့နေကြောင်းသိသာထင်ရှားစေပြီး ပြည်တွင်းစစ်ကိုကြာရှည်စွာ ဖြစ်ပွားစေသည်။

15. "Tatmadaw Fight With TNLA After Announ15cing Unilateral Ceasefire," 16 May 2020, Burma News International https://www.bnionline.net/en/news/tatmadaw-fight-tnla-after-announcing-unilateral-ceasefire
16. "Burma Army Burns KNU Covid-19 Screening Posts – Pandemic Causes Peace Process Further Fractures," 8 May 2020, Karen News http://karennews.org/2020/05/burma-army-burns-knu-covid-19-screening-posts-pandemic-causes-peace-process-further-fractures/
17. "Tatmadaw Pressures NMSP To Withdraw C-19 Medical Checkpoint Near TPP Border," 16 May 2020, Mon News Agency http://monnews.org/2020/05/16/tatmadaw-pressures-nmsp-to-withdraw-c-19-medical-checkpoint-near-tpp-border/
18. "EU, Britain denounce Myanmar violence at UN Security Council,"15 May 2020, The Straits Times https://www.straitstimes.com/world/united- states/eu-britain-denounce-myanmar-violence-at-un-security-council
19. "A Whitewash of a Truce and the Pandemic," Progressive Voice Weekly Highlight, 25 May 2020 https://progressivevoicemyanmar.org/2020/05/25/a-whitewash-of-a-truce-and-the-covid-19-pandemic/

# အကြံပြုတိုက်တွန်းချက်များ

### နိုင်ငံတော်အစိုးရသို့

၁။ တိုင်းရင်းသားဒေသများရှိ လူထုအခြေပြုအဖွဲ့စည်းများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့စည်းများနှင့် ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကို ကြိုးပမ်းအားထုတ် လက်တွဲလုပ်ဆောင်ရန်။

၂။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တစ်နှစ်ပတ်လုံးအင်တာနက် ဖြတ်တောက်မှုအား ချက်ခြင်းရုပ်သိမ်းရန်နှင့် အရပ်သားပြည်သူများအား ကျန်းမာရေးစောက်ရှောက်မှုနှင့် အသက်ကယ်ဆယ်ရေး ဆိုင်ရာသတင်းအချက်အလက် များ လက်လှမ်းမှီရေးအတွက်သေချာစီမံရန်။

၃။ မြန်မာစစ်တပ်များပြန်လည်ရုပ်သိမ်းရန် ဖိအားပေးရန် နှင့် နိုင်ငံသားအားလုံးကိုကာကွယ် ပေးနိုင်သည့် အားလုံးပါဝင် သောအပစ်အခတ်ရပ်စဲရေးကို အတူပူးပေါင်းကြိုးပမ်းရန်။

### မြန်မာ့တပ်မတော်ထံသို့

၁။ အရပ်ဘက်ပြည်သူများ၏ ဒေသများမှတပ်များရုပ်သိမ်းရန်နှင့် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် အပစ်အခတ်ရပ်စဲ ရေးကို နိုင်ငံတကာကျန်းမာရေးကျွမ်းကျင်သူများမှ ကူးစက်ရောဂါကင်းစင်သည်ဟု သတ်မှတ်သည်အထိ ရပ်စဲထားရန်။

၂။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်များတွင် သတင်းဖြတ်တောက်မှုကြား အရပ်သားပြည်သူများအား ကျူးလွန်ခဲ့သောပြစ်မှု များအပါအဝင် ရာဇဝတ်ကျူးလွန်မှုများအတွက် တာဝန်ခံရန်။

၃။ စစ်ရေးပဋိပက္ခဒေသအတွင်းရှိပြည်သူများ၏ ကောင်းကျိုးနှင့် လုံခြုံရေးအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင် ရာ အကူအညီပေးခွင့် တားဆီး ကန့်သတ်ခြင်းများကို ချက်ခြင်းရုပ် သိမ်းပေးရန်။

### နိုင်ငံတာအသိုင်းအဝိုင်းသို့

၁။ စစ်တပ်အား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ပိတ်ဆို့မှုများ ကိုဖယ်ရှားပေးရန်နှင့် အသက် ကယ်ဆယ်ရေးအထောက်ပံ့များကို အမှန်တကယ်လိုအပ်သူများထံသို့ ရောက်ရှိစေရန် ဆက်လက်ဖိအားပေးရန်။

၂။ ကျေးလက်နေပြည်သူများနှင့် ဝေးလံခေါင်သီသောဒေသများတွင် တစ်ကိုယ်ရေကာကွယ်ရေးပစ္စည်းများနှင့် သတင်း အချက်အလက်များ ရရှိနိုင်ရေးအတွက် ဒေသတွင်းရှိ မိတ်ဖက်အဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့စည်းများနှင့် ပူးပေါင်းလုပ်ဆောင်ရန်။

# ဆုတ်ယုတ်သွားသော အခွင့်အရေးများ

## COVID-19 ကာလအတွင်း
## လူ့အခွင့်အရေးချိုးဖောက်မှုများ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

၂၀၂၀ ပြည့်နှစ်။